# ချောင်းစောက်ကျေးရွာ
# ပုဗ္ဗသီရိမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ – ၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ချောင်းစောက်ကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **ချောင်းစောက်ကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)  မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)  ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)  ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)  သတင်းနှင့်ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁-၁၂ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၃ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ | ၁၄-၆၂ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၆၃-၆၉ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၇၀-၇၂ |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်မှ၂၀၂၉-၂၀၃၀ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းလုပ် ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ် ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသ ည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုး

ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

နိုဝင်ဘာလ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ချောင်းစောက်ကျေးရွာ
ပုဗ္ဗသီရိမြို့နယ်




ချောင်းစောက်ကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ချောင်းစောက်**ကျေးရွာ**သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုဗ္ဗသီရိမြို့နယ်၏ ရွာတော်**ကျေးရွာ** အုပ်စုတွင်တည်ရှိပြီး**Longitude 96.21442၊ Lattitude 19.80679** ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျည်တောင်ကန်-ခါးပြတ် ကွန်ကရစ်လမ်း၊ အနောက်ဘက်တွင် ရွာတော်(တ)ရွာ၊ မြောက်ဘက်တွင် ရွာသစ်ကျေးရွာ၊ တောင်ဘက်တွင် စက်ကုန်းကျေးရွာများနှင့် ဆက်လျှက်တည်ရှိနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ စက်ကုန်း ကျေးရွာ သည် မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၃´C)နှင့် အနိမ့်ဆုံးအပူချိန် (၂၃´C) ဖြစ်ပါသည်။ မိုးဦးကာလအတွင်း လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများ ရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၆၀.၅) ကေ၊ယာမြေ (၂) ကေ စုစုပေါင်း (၁၆၂.၅) ကေရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား- ၂၂ ဦး) သည် ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး ၊ လုံခြုံရေးနှင့်ကာကွယ်ရေး လုပ်ငန်းများတွင်စည်းရုံးလုပ်ဆောင်နေကြပါသည်။ ဘာသာရေးအကျိုးတော်ဆောင်အဖွဲ့ (ကျား - ၇ဦး) သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာ ရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ လူမှုရေး အဖွဲ့ (ကျား- ၇) တို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များအား လုပ်ဆောင် နေကြပါသည်။ ပရဟိတ အဖွဲ့(ကျား- ၁၅) အဖွဲ့သည် ကျန်းမာရေး ကိစ္စရပ်များ၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး ကိစ္စရပ်များ အားလုပ်ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ချောင်းစောက် **ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။**

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ချောင်းစုကျေးရွာတွင်၂.၅ကေအောက်ဆင်းရဲသားတောင်သူ (၇၅) အိမ်ထောင်စု၊ ၂.၅ကေမှ၅ကေကြားတောင်သူငယ် (၄၃) အိမ်ထောင်စု၊ ၅ကေမှ၁၂.၅ကေကြား တောင်သူ လတ်

(၂၂)အိမ်ထောင်စု၊၁၂.၅၈ကေအထက်တောင်သူကြီး (-) အိမ်ထောင်စုစသည် တို့ရှိကြပြီး အဓိကအားဖြင့်စပါး **စိုက်ပျိုးလျှက်ရှိပြီးရာသီအလိုက်အခြား သီးနှံများကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။** မြေယာမဲ့ အိမ်ထောင်စု (၁၃၂)စုရှိပြီး **အ**များစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ**မိုးရေ**ကိုအသုံးပြု၍ စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်း မှာ တစ်ကေပျမ်းမျှ (၇၅) တင်းထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် ရေစုပ်စက် (၁၄) လုံးရှိပါသည်။အခြားလယ်ယာသုံး ကိရိယာများအား ငှားရမ်းအသုံးပြုလျှက် ရှိပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေသြဇာနှင့်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုလည်းလွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတစ်ဆင့်ရောင်းချ**ခြင်း၊ ပျဉ်းမနားဈေးသို့ကုန်စည်ဒိုင်များတွင် ကိုယ်တိုင်သွားရောက် သွင်းခြင်းဖြင့် ဈေးကွက်အနေဖြင့် အဆင်ပြေလျှက်ရှိ**ကြပါသည်။

မိုးရေအား အဓိကထား လုပ်ကိုင်ရ**သည့်အတွက်** မိုးခေါင်သည့်နှစ်များတွင် သီးနှံများအထွက်နှုန်းနည်းခြင်းနှင့် မိုးများသည့်နှစ်များတွင် ရေနစ်၍သီးနှံများပျက်စီးမှုများ စသည့်အခက်အခဲများရှိပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

**ကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု (၂၈) အိမ်ရှိပြီးနွားကောင်းရေ (၆၉) ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၁) စုမှ (၆) ကောင်၊အိမ်ထောင်စု (၅) အိမ်မှဝက် (၁၂) ကောင်စသည်ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။**

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ**ရှိသော်လည်းကျေးရွာသူ/သားများ၏အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျမခံလိုခြင်းများ ကြောင့်** ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊အသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာ**တွင်** တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊ ထမင်းဆိုင်စသည့် စားသောက်ဆိုင်လုပ်ငန်းများ စသည့်လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ ယာဉ်မောင်းခြင်း၊ **ဝန်ထမ်းများ**လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော

မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သောအတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန် များကို ရောင်းချရန်ဈေးကွက်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများသည်စိုက်ပျိုးစရိတ်ချေးငွေများကိုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်ပုံစံ (၇) ဖြင့်တစ်ကေလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကေအထိ အလွယ်တကူ ချေးယူ၍ရရှိနိုင်သော်လည်းကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည်ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုး နှုန်း **(၅-၁၅)** ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့်အတိုးနှုန်း သက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုအခြေခံအဆောက်အဦ

ကျေးရွာတွင်ကားမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကိုလုပ်ကိုင်နေသည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ကျေးရွာတွင်စက်ဘီး (၄၀) စီး၊ မော်တော်ဆိုင်ကယ် (၂၄၀)စီး၊ ကား**(၅)စီးနှင့် နွားလှည်း(၁)စီး**စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ကျေးရွာအတွင်းတွင် လမ်းမကြီး**များမှာ မြေသားလမ်းများဖြစ်ပြီး** ၊ လမ်းသွယ်များမှာလည်း မြေသားလမ်းများ ဖြစ်ကြပါသည်။ ချောင်းစောက်ကျေးရွာ ရွာချင်းဆက်လမ်း များသည် ကျောက်ခင်းလမ်း များဖြစ်ကြပါသည်။

## (ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အဦများ

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၂၅၀)စုရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု (၂၂) စုရှိပါသည်။

**(ဂ) ဆက်သွယ်ရေး၊သတင်းနှင့်နည်းပညာဆိုင်ရာအခြေခံအဆောက်အဦ**

ချောင်းစောက်ကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း **(၂၅၀)** လုံး၊ တီဗွီ **(၁၅၇)** လုံး၊ **ရေဒီယို(၉၂)လုံး၊** ဂြိုလ်တုစလောင်း **(-)** လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့်တယ်လီနောဖုန်းတာဝါတိုင်များလည်းကျေးရွာ**အနီး**တွင်ရှိသဖြင့်ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများအထူးတလည်မရှိပေ။

**၆။ ပညာရေး**

**(က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ**

**ကျေးရွာတွင်** မူလ**တန်းကျောင်းရှိပြီး** ကျေးရွာနှင့်အလှမ်းမဝေးသည့် ရွာသစ်ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိသည့် အတွက်**အခြေခံပညာသင်ကြားရာတွင် အဆင်ပြေလွယ်**မှု ရှိပါသည်။ တက္ကသိုလ်တက်နေသည့်ကျောင်းသား၊ ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ **စာသင်ကျောင်းတွင် ကျောင်းဆောင်** ( ၁)**ဆောင်ရှိပါသည်။**

ကျေးရွာတွင် မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာ**(၂၄.၆)** ရာခိုင်နှုန်း အထိ များပြားခြင်းနှင့်အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ **(၂၈.၃)** ရာခိုင်နှုန်း၊ အထက် တန်း အဆင့်စာတတ်မြောက်သူများမှာ **(၁၁.၅)** ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ **(၅.၂)** ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

**၇။ ကျန်းမာရေး**

**(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ**

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိလိုအပ်သည့် ကာကွယ် ဆေးများအား လာရောက်ထိုးနှံပေးပါသည်။ **ရွာသစ်ကျေးရွာ ကျန်းမာရေးဌာနခွဲသည် ကျေးရွာ၏ အနီးနားတွင်ရှိပါသည်။ ပုဗ္ဗသီရိမြို့၊ ပျဉ်းမနား**မြို့နှင့်နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် **ပုဗ္ဗသီရိ**မြို့နယ်ဆေးရုံကြီး၊ **ပျဉ်းမနားမြို့နယ်ဆေးရုံများ**သို့ ပို့ဆောင်ပေး နိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲများမရှိပေ။

**(ခ) သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး**

ကျေးရွာတွင် သောက်သုံးရေများကို **ရေတွင်း၊အဝီစိ/စက်တပ်၊ အဝီစိ/တုံကင်**ဖြင့် အဓိကထား အသုံးပြုကြ**ပါသည်**။ကျေးရွာတွင်သန့်ရှင်းသော ယင်လုံအိမ်သာများကို**သာ တစ်ရွာလုံးအသုံးပြု လျှက်ရှိပါသည်။**

## ၈။ သဘာဝဘေးအန္တရာယ် ထိခိုက်မှုအခြေအနေ

ချောင်းစောက်ကျေးရွာတွင် **သက်ကြီးရွယ်အိုတစ်ဦးတည်း နေထိုင်သူအနည်းငယ်၊** အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စု များထက် ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ချောင်းစောက်ကျေးရွာတွင် မိုးရာသီ၌ **ဝမ်းပျက်ဝမ်းလျှော**ရောဂါ ဖြစ်ပွားမှုအနည်းငယ် ရှိပါသည်။ တီဗီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာရောဂါနှင့် ကြက်၊ဂဏ်တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ကျား-မရေးရာ

**ချောင်းစောက်**ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက် မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ရွာတော် | | | ကျေးရွာအမည် – ချောင်းစောက် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | | |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | – | | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | – | | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | | | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | | | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း – မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | | | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား–အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | – | | |
| ၇ | ငွေကြေး | အသေးစား | | | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | – | | |
| ၉ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး၊ | | | |
| | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး၊ | | | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းများရိစာခင်းခြင်း | ၁ | |

| ကျေးရွာအုပ်စုအမည် – ရွာတော် | | | ကျေးရွာအမည် – ချောင်းစောက် | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းများကွန်ကရစ်လမ်းဆက်ခင်းခြင်း | ၂ | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေနုတ်မြောင်းများ တည်ဆောက်ခြင်း | ၃ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းသွယ်များ ကွန်ကရစ်ဆက်ခင်းခြင်း | ၄ | |
| ၁၄ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | | | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | |
| ၁၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း နှင့် အမျိုးသမီး | | | |
| ၁၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | | | |
| ၁၈ | သယံဇာတနှင့် သဘာဝဝန်းကျင် | | – | | |

နောက်ဆက်တွဲ (၁)

## ရွာတော်ကျေးရွာအုပ်စု၊ ချောင်းစောက်ကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်စိုး | ဦးမြင့်ဆွေ | ၉/ပမန(နိုင်)၀၀၁၀၈၉ | ၅၅ | ဥက္ကဋ္ဌ | ၀၉-၂၅၄၀၈၁၁၅၂ |
| ၂ | ဦးဇော်မင်း | ဦးမှတ်ကြီး | ၉/ပမန(နိုင်)၀၇၆၉၉၉ | ၅၇ | အတွင်းရေးမှူး | ၀၉-၄၂၀၇၄၁၆၃၅ |
| ၃ | ဒေါ်ခင်တိုးမြင့် | ဦးမှတ်ကြီး | ၉/ပမန(နိုင်)၂၀၂၃၀၁ | ၄၆ | အဖွဲ့ဝင် | ၀၉-၄၄၀၃၅၆၆၂၉ |
| ၄ | ဦးချစ်သိန်း | ဦးစိန်အောင် | ၉/ပမန(နိုင်)၁၄၆၅၉၉ | ၄၆ | အဖွဲ့ဝင် | ၀၉-၈၉၈၃၃၅၅၀၇ |
| ၅ | ဦးညွန့်နိုင် | ဦးထွန်းအောင် | ၉/ပမန(နိုင်)၀၇၈၂၉၉ | ၅၇ | အဖွဲ့ဝင် | ၀၉-၂၅၀၀၉၉၉၆၆ |
| ၆ | ဦးသိန်းလွင် | ဦးညိုစိန် | ၉/ပမန(နိုင်)၂၄၃၅၄၉ | ၆၀ | အဖွဲ့ဝင် | ၀၉-၆၆၇၀၆၁၅၆၂ |
| ၇ | ဒေါ်ခင်ချောမှုံ | ဦးလှရွှင် | ၉/ပမန(နိုင်)၂၂၆၆၅၁ | ၅၅ | အဖွဲ့ဝင် | - |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၅ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၉ | ၃၅ | ၆၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၆ | ၄၂ | ၈၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၆၀ | ၁၀၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၃၀ | ၃၉၈ | ၇၂၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၉ | ၃၅ | ၆၄ |
| စုစုပေါင်း | | ၄၉၃ | ၅၇၅ | ၁၀၆၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၇၂ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် အိမ်ထောင်စု (၂၇၂) စု၊ လူဦးရေ (၁၀၆၈) ဦးရှိပါသည်။ ချောင်းစောက်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ်(၅.၄%)၊ မူလတန်းကျောင်းသားအရွယ် (၇.၈%)၊ အလယ်တန်းကျောင်းသား အရွယ်(၉.၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၀.၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၉.၁)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၃၃၀)ဦး၊ မ(၃၉၈)ဦး စုစုပေါင်း(၇၂၈)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၉)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၃ | ၁၂၅ | | မြင့် ✓ ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇၂ | ၂၉၀ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | - | - | - | မြင့် ☐ လတ်☐နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၁၁ | | မြင့် ✓ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၂ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | – | – | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၇၂ | ၄၃၈ | | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ–**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု **“မြင့်”**ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ချောင်းစောက် **ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သူ ဦးရေများပြားပြီး** အရောင်းအဝယ်**လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့်တစ်ပိုင်တစ်နိုင်ဈေးဆိုင်များလုပ်ကိုင်ကြသဖြင့်အခြားအသက်မွေး မှုနည်းပညာများတတ်မြောက်သည့်အိမ်ထောင်စုနည်းပါးသဖြင့်အလုပ်အကိုင်အခွင့်အလမ်း များနည်းပါးပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု များမရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည်။**

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ ×၈)**

**လေ့လာတွေ့ရှိချက်။။လုပ်ငန်းများတွင်ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်းကျွမ်းကျင်မှုအပေါ်မူ တည်ပြီးကျား/မဝင်ငွေကွာခြားရခြင်းမှာလဲလုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်ပါသည် ။ပြင်ပတွင်သွားရောက်လုပ်ကိုင်သူများ၏လုပ်ငန်းများကိုမသိရှိသောကြောင့်လုပ်အားခပမာ ဏကိုမသိရှိပါ။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၆၀.၅ | ကောင်း☐ သင့်✓ ညံ့ ☐ |
| ယာမြေ/ တောင်ယာမြေ | ၂ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၂.၅ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစား ခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူ မရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင်လယ် (၁၆၀.၅) ဧကနှင့်ယာမြေ (၂) ဧက၊ ရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| က်စသည်။) | | |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်✓အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်၊သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် အနည်းငယ်ရှိသဖြင့် အလွယ်တကူ ဝယ်ယူရရှိအသုံးချ နိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကအထက် | ၅ဧကအောက် | ၅ဧကအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊ဝါးအိမ် | ဖက်မိုး၊ဖက်ကာ၊ဝါးခင်း၊ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | ကား၊သုံးဘီးဆိုင်ကယ်၊ဆိုင်ကယ်၊ထွန်စက်၊လက်တွန်းထွန်စက် | ကား၊ဆိုင်ကယ်၊လက်တွန်းထွန်စက် | နွားလှည်း၊ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး | ရေခဲစက်၊စပါး၊ | စပါး၊ | စပါး၊ဆိုင်က | ကြုံရာကျပန်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| လုပ်ငန်း | ကုန်စုံဆိုင်၊စားသောက်ဆိုင် | ကုန်စုံဆိုင် | ယ်ကယ်ရီ၊ ဘေးတွဲ၊ ဈေးဆိုင် | |
| အိမ်ထောင်စု | ၁၈ | ၁၇၂ | ၆၂ | ၂၀ |

ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။မပြေလည်သောအိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည်ကောက်စိုက်၊ပျိုးနုတ် စသည့်ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၈ | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ___၁၀______<br>လုပ်အားခကြိုယူ = ___၈______ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။၃လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု (၁၈) အိမ်ထောင်စု ရှိပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | – | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐နိမ့်✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်✓မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ✓နိမ့်☐မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐နိမ့်☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐နိမ့်✓မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐နိမ့်✓ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐နိမ့်✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐နိမ့်✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐နိမ့်✓မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐နိမ့်✓မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ချောင်းစောက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း မိုးခေါင်ခြင်းကြောင့် စပါးများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်သဖြင့် စပါးများစိုက်ပျိုး၍ မရခြင်း(သို့) ပြန်စိုက်ရသောကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါ လူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူး ပြောင်းမှုများတွင် ခွာနာ၊လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ဝက်တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့် ☐မရှိ ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐လတ် ☐ နိမ့်✓မရှိ ☐ |
| ၃ | မြေယာမဲ့ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ✓နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ✓နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐နိမ့်☐မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့်

အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ၄င်းတို့သည် အခြားဘေးအန္တရာယ် ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁□၂✓<br>၃□ | ၂၂ | – | ၂၂ | ပညာရေး✓ငွေကြေး✓<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း✓<br>သင့်□<br>ညံ့□ |
| ၂ | ပရဟိတအဖွဲ့ | ၁□၂✓၃□ | ၁၅ | - | ၁၅ | ပညာရေး✓ငွေကြေး□<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်✓<br>ညံ့□ |
| ၃ | ဘာသာရေးအဖွဲ့ | ၁□၂✓၃□ | ၇ | - | ၇ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ | ကောင်း□<br>သင့်✓<br>ညံ့□ |

| စဉ် | အဖွဲ့ အစည်း အမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |
| ၄ | လူမှုရေး အဖွဲ့ | ၁☐၂✓၃☐ | ၇ | - | ၇ | ပညာရေး✓<br>ငွေကြေး☐<br>ကျန်းမာရေး✓<br>☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့်✓<br>ညံ့☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။ ။** ချောင်းစောက်ကျေးရွာ၏ **အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။** ရပ်မိရပ်ဖအဖွဲ့သည် **ကျေးရွာ၏သာရေး၊ နာရေးနှင့် အခြားသောပရဟိတ လုပ်ငန်းများတွင် အတူတကွစုပေါင်း လုပ်ကိုင်နေကြပါသည်။** ဘာသာရေး အကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာအတွင်း ဘာသာရေး ဆိုင်ရာကိစ္စရပ်များနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လုပ်ကိုင်နေကြပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၂ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန ၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယား တွင်<u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ)  စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁)  စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၇၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၄၃ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂၂ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၂၇၂ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုများပြားပြီး လယ်အငှားလုပ်ကိုင်ခြင်း၊ နေ့စားကျပန်းနှင့် တနိုင်တပိုင်ရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီး မရှိပါ။

(၂)  အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်✓ မဖြေဆိုပါ☐ | ရှိ☐မရှိ✓မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |

| စဉ် | အရင်းအမြစ် | ရေ သောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ☐ | |
| ၄ | ရေသွင်း မြောင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၁၄ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးရေးတွင်မိုးရေကို** အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စက်ရေတွင်း အနည်းငယ်အသုံးပြုသည့် တောင်သူအနည်းငယ်သာ ရှိပါသည်။

(၃)   အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၁၆၀.၅ | တင်း | ၆၀ | ၈၀ | ၇၅ | ဇူလိုင် | နိုဝင်ဘာ | မြင့်☐လတ်☐နိမ့်✓ | မြင့်☐လတ်✓နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်✓ | မြင့်☐လတ်☐နိမ့်☐ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်စပါးကို** အဓိကထား စိုက်ပျိုးကြပြီး မတ်ပဲနှင့် နှင်းဆီပန်း အနည်းငယ် စိုက်ပျိုးကြသည်ကိုလည်း တွေ့ရှိရပါသည်။ **စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျှမ်းမျှအနေဖြင့် တစ်ဧကလျှင် (၇၅)တင်းခန့် ထွက်ရှိပါသည်။ စပါးအထွက်နှုန်း နည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်းနှင့် မိုးရာသီတွင် စိုက်ခင်းများရေလွှမ်းသဖြင့် စပါးများ ပျက်စီးဆုံးရှုံးမှုများရှိ**ပါသည်။ အခြားရာသီပေါ် သီးနှံများဖြစ်သည့် ပြောင်း၊ ကြံ၊ မတ်ပဲ၊ နှမ်းနှင့် ဂေရုတ်များကိုလည်း စိုက်ပျိုးကြပါသည်။

(၄)   လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၅ | – | – | – |
| လက်တွန်းထွန်စက် | – | – | – | – |
| အစေ့ချကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | – | – | – |
| ရိတ်သိမ်းစက် | – | – | – | – |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | ၁၄ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | -- | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်**ကျေးရွာတွင် ရေစုပ်စက်(၁၄) ထွန်စက်အပါအဝင် အခြားလယ်ယာသုံး စက်ကိရိယာများ မရှိပါ။ ထို့ကြောင့်သီးနှံများ စိုက်ပျိုးချိန်တွင် အလုအယက် ငှားရမ်းအသုံးပြုနေရပါသည်။ တောင်သူများအတွက် ထွန်ယက်ချိန် အချိန်မှီ မပြီးစီးပဲ နောက်ကျမှုများ ကြုံတွေ့နေရသဖြင့် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း(သို့မဟုတ်) ငှားရမ်းအသုံးပြုရန် နေရာများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ✓ မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း☐ကောင်း✓သင့်တင့်မျှတ☐ မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ☐အသင့်အတင့်ရှိ✓မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်✓ရသည်☐မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်☐** |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **မဖြေဆိုပါ☐** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်✓<br>သီးနှံများကိုရောင်းချနိုင်သည်☐မဖြေဆိုပါ☐** |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက်အဆင်ပြေခြင်း၊ မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ဆည်ရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးမြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကိုလည်း ကုန်သည်ပွဲစားများနှင့် ဈေးတွင်ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင်ပါသည်။**သို့သော် လုပ်အားခ၊ စိုက်ပျိုးစရိတ်များ လုံလောက်မှုရှိရန် လိုအပ်ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတု | **မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်✓** |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| အနေအထား | မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ✓လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐<br>မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐အသင့်အတင့်ကျ✓အနည်းငယ်☐<br>မဖြေဆိုပါ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ချောင်းစောက်ကျေးရွာတွင် မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုဖျက်ပိုးများအနည်းငယ်ရှိသဖြင့်ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။လယ်များတွင်အထွက်နှုန်း

နည်းပါးပြီး နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများလာရောက် ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၈ | ၆၉ |
| **နို့စားနွား** | - | - |
| **ကျွဲ** | ၁ | ၆ |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၅ | ၁၂ |
| ကြက် | - | - |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ချောင်းစောက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းအနည်းငယ်သာ လုပ်ကိုင်ကြပါသည်။ **ပင်လယ်ဖြစ်၊ ချောင်း**

များနှင့် မနီးသောကြောင့် ငါးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်း လုပ်ကိုင်သူမရှိပါ။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/<br>ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ပေါများ☐အသင့်အတင့်✓မဖြေဆိုပါ☐ |
| **ရေရရှိမှု** | အလုံအလောက်ရနိုင်✓အသင့်အတင့်ရနိုင်☐မဖြေဆိုပါ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်✓မဖြေဆိုပါ☐ |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာရနိုင်☐ဈေးငွေအသင့်အတင့်ရနိုင်✓မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည်✓မဖြေဆိုပါ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐<br>နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။✓<br>မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည်✓မဖြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည်✓အသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐ |
| ငါးလုပ်ငန်း | |
